# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## (၂၇-၁-၂၀၂၀) (တနင်္လာနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ ထိုင်းနိုင်ငံ ကျား/မ ရေးရာ ပြဿနာများ သိရှိနားလည်စေခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ၁၃-၁-၂၀၂၀ မှ ၁၆-၁-၂၀၂၀ ထိ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ၏ သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **ပြည်မြို့နယ်အတွင်းရှိ နဝင်းချောင်း ရေတိုက်စားမှုကြောင့် ဆိုးရွားစွာကမ်းပြိုလျက်ရှိသော ကျေးရွာများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မီးရထားလက်မှတ်များကို ကားလက်မှတ်များရောင်းချသကဲ့သို့ ပြည်သူများ လွယ်ကူစွာ ဝယ်ယူနိုင်ရန်အတွက် Online မှ ရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ဒလမြို့နယ်၊ အုံ့ကြီးအနောက်ရပ်ကွက်၊ (၆) ရပ်ကွက်၊ ၁၁/၁၄ ရပ်ကွက်များအား မြို့ကွက်အဆင့်မြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး Plan ရေးဆွဲနိုင်ရန် နှင့် ပြန်လည်နေရာချထားရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ မည်သည့်အချိန်တွင် မူဝါဒဆိုင်ရာ အတည်ပြုချက်များရယူခြင်းကိစ္စ ဆောင်ရွက်မည်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာမှ ဖောင်တော်သီရွာမကျေးရွာသို့သွားသော ရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ် အတွင်း၌ အရေးပါလှသော Class (A) အဆင့်ရှိ ကျေးရွာလမ်းများ ဖြစ်သည့် သစ်တက်ကုန်း-လက်ညှိုးထိုး-မြင်းခြံလမ်းနှင့် မင်းဝန်၊ မန်ကျီးကန်၊ တဲကြီး-လက်ညှိုးထိုး မြင်းခြံလမ်းများကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်-ကုလားရောင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မင်းလမ်းချောင်း တံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"စက်မှုဇုန် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။